ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကြေညာချက်အမှတ် ( ၂ / ၂၀၂၆ )

## ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သတင်းပေးတိုင်ကြားရေးစနစ်
## Maritime Anonymous Reporting System (MARS)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွင်းဖြစ်ပေါ်နိုင်သည့် အဂတိလိုက်စားမှု၊ မမှန်မကန်လုပ်ငန်းဆောင်ရွက်မှု၊ ဥပဒေချိုးဖောက်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီသိရှိ၍ စိစစ်ဆောင်ရွက်နိုင်စေရေးအတွက် ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**ရည်ရွယ်ချက်များ (Objectives)**

၁။ ဤ Maritime Anonymous Reporting System (MARS) ကို အကောင်အထည်ဖော်အသုံးပြုရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

(က) ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွင်း အဂတိလိုက်စားမှုများကို တိုက်ဖျက်ကာကွယ်ရန်နှင့် အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးစားမှုများကို အချိန်မီ စိစစ်ဖော်ထုတ်နိုင်စေရန်၊

( ခ ) နိုင်ငံသားများအပေါ် တရားမျှတမှုနှင့် ဥပဒေအောက် တန်းတူညီမျှ ဆောင်ရွက်မှုရရှိစေရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ စိစစ်ထိန်းသိမ်းနိုင်စေရန်၊

( ဂ ) သင်္ဘောသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ မဆုံးရှုံးစေရန်နှင့် သင်္ဘောသားများအား မတရားဆက်ဆံမှု၊ ခွဲခြားဆက်ဆံမှုများမှ ကာကွယ်ပေးနိုင်ရန်၊

(ဃ) သင်္ဘောသား အလုပ်အကိုင်နှင့် SRPS ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားမျှတမှု၊ အကျိုးတရားညီမျှမှုရှိစေရန်နှင့် မမှန်ကန်သော လုပ်ရပ်များရှိပါက တားဆီးထိန်းချုပ်နိုင်စေရန်၊

( င ) ရေကြောင်းနှင့် ရေကြောင်းအင်ဂျင်နီယာဘက်ဆိုင်ရာသင်တန်း၊ စာမေးပွဲနှင့် လက်မှတ်ထုတ်ပေးမှုများတွင် တရားမျှတမှု၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု

ရှိစေရန်အတွက် မမှန်ကန်သော လုပ်ရပ်များကို တားဆီးထိန်းချုပ်နိုင်ရန်၊

( စ ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အုပ်ချုပ်ရေးစနစ်အား တာဝန်ခံမှု (Accountability)နှင့် ယုံကြည်စိတ်ချရမှုမြှင့်တင်ရန်နှင့် အုပ်ချုပ်ရေးစံချိန်စံညွှန်းများ ခိုင်မာအားကောင်းစေရန်၊

(ဆ) တိုင်ကြားသူများ၏ လုံခြုံမှုနှင့် လျှို့ဝှက်မှုကို အပြည့်အဝအာမခံထားသော စနစ်တစ်ရပ်ဖြင့် သတင်းပေးတိုင်ကြားမှုများကို အားပေးမြှင့်တင်ရန်။

**စနစ်၏နောက်ခံအကြောင်းအရာ**

၂။ ဤစနစ်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သည့် https:/www.dma.gov.mm/ တွင် ၂၀၁၈ ခုနှစ်မှစ၍ လွှင့်တင်ထားခဲ့သော်လည်း သိရှိသူနှင့် သတင်းပို့တိုင်ကြားသူ အနည်းငယ်သာရှိခဲ့သဖြင့် ဤကြေညာချက်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ဌာန၏ Website တွင် လွှင့်တင်ခဲ့သည့် ရက်စွဲနှင့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၆-၁၀-၂၀၁၈ နေ့မှစ၍ 'Seafarer on-shore complaints and reporting system'၊

(ခ) ၃-၁၂-၂၀၂၄ ရက်နေ့တွင် 'Maritime Anonymous Corruption Report Form'၊

(ဂ) ၂၇-၆-၂၀၂၅ ရက်နေ့တွင် 'Seafarer Harassment Complaint Form'၊

(ဃ) ၂-၂-၂၀၂၆ ရက်နေ့တွင် 'Maritime Anonymous Reporting System (MARS)'။

**စနစ်၏အဓိပ္ပာယ်နှင့် သက်ဆိုင်ခြင်း**

၃။ "Maritime Anonymous Reporting System (MARS)" သည် တိုင်ကြားသူ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များကို မဖြစ်မနေဖော်ပြရန်မလိုအပ်ဘဲ ကိုယ်တိုင်နစ်နာသူ၊ ကိုယ်စားတိုင်ကြားသူ၊ သတင်းပေးသူ သို့မဟုတ် ဖြစ်စဉ်ကို မျက်မြင်တွေ့ရှိသူ မည်သူမဆို ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို လျှို့ဝှက်စွာ တိုင်ကြားနိုင်သည့် စနစ်ဖြစ်သည်။

၄။ ဤစနစ်သည် တိုင်ကြားသူ၏ လုံခြုံမှုနှင့် လျှို့ဝှက်မှုကို အပြည့်အဝ အာမခံရမည်ဖြစ်ပြီး အမည်မဖော်ဘဲ သတင်းပေး တိုင်ကြားနိုင်ရန်နှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

၅။ မည်သူမဆို ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု၊ မမှန်မကန်လုပ်ငန်းဆောင်ရွက်မှု၊ ဥပဒေချိုးဖောက်မှုနှင့် ပတ်ဝန်းကျင်

ထိခိုက်မှုဖြစ်စဉ်များ တွေ့ရှိပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website တွင် လွှင့်တင်ထားသော MARS စနစ်ကိုအသုံးပြု၍ တိုင်ကြားနိုင်သည်-

(က) သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ခ) သင်္ဘောသားအလုပ်အကိုင်နှင့် SRPS များနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊

(ဂ) သင်တန်းနှင့် သင်တန်းစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) ရေကြောင်းနှင့်ရေကြောင်းအင်ဂျင်နီယာဘက်ဆိုင်ရာ စာမေးပွဲစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(င) ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှု လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(စ) ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဆ) ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဇ) နိုင်ငံခြားသင်္ဘောစစ်ဆေးခြင်း (Port State Control – PSC) ဆိုင်ရာကိစ္စရပ်များ၊

(ဈ) ပတ်ဝန်းကျင်ထိခိုက်မှုဖြစ်စဉ်များ၊

(ည) စီမံအုပ်ချုပ်မှု သို့မဟုတ် လုပ်ငန်းမမှန်မကန်ဆောင်ရွက်မှုများ၊

(ဋ) အခြားသက်ဆိုင်ရာ ကိစ္စရပ်များ။

**တိုင်ကြားသူ၏ အခွင့်အရေးနှင့် ကာကွယ်မှု**

၆။ တိုင်ကြားသူသည် မိမိ၏အမည်၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ မဖော်ပြဘဲ တိုင်ကြားနိုင်ခွင့် ရှိရမည်။ တိုင်ကြားမှုကြောင့် အရေးယူခြင်း၊ ဖိအားပေးခြင်း၊ ခွဲခြားဆက်ဆံခြင်း မခံရစေရန် ဦးစီးဌာနအနေဖြင့် တိုင်ကြားသူကို အပြည့်အဝ အကာအကွယ် ပေးရမည်။

၇။ ဦးစီးဌာနသည်—

(က) တိုင်ကြားချက်များကို လျှို့ဝှက်စွာ ကိုင်တွယ်ဆောင်ရွက်ရမည်။

(ခ) လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရမည်။

(ဂ) မဟုတ်မမှန် သတင်းပေးပို့တိုင်ကြားမှုများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်နိုင်သည်။

၈။ ဦးစီးဌာနသည် ဤကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ ကြေညာချက်များ၊ ဌာနတွင်းညွှန်ကြားချက်များထုတ်ပြန်ရမည့်အပြင် တိုင်ကြားလွှာပုံစံများကို ထုတ်ပြန်သတ်မှတ်ရမည်။

ညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန